# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 24 , 2023 Volume 71, Number 17

၂၄.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၅ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၀၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပွင့်လင်းရာသီနီးကပ်လာပြီဖြစ်၍ ဘိလပ်မြေများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းမှုရှိနေ



ပွင့်လင်းရာသီနီးကပ်လာပြီဖြစ်၍ ဘိလပ်မြေများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းမှုရှိနေကြောင်း သိရသည်။ ယခုအခါ ပွင့်လင်းရာသီနီးကပ်လာနေပြီဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်လာကြတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ ဘိလပ်မြေဈေးကွက်အနေဖြင့် ဘိလပ်မြေများကို ကြိုတင်မှာယူတင်သွင်းနေကြပြီဖြစ်သဖြင့် ပြီးခဲ့သည့် ဩဂုတ်လတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၀၂ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၀၀၀ ကျော်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၅ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ခန့် စုစုပေါင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၇ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၃၀၀၀ ကျော်တင်သွင်းခဲ့ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၅ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၄၀၀ ကျော်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၅ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၆၀၀၀ ကျော် စုစုပေါင်း ပင်လယ်ရေကြောင်းနှင့်နယ်စပ်

ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၆၄၀၀ မှာယူတင်သွင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလတွင် ဘိလပ်မြေများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက မှာယူတင်သွင်းရာတွင် မလေးရှားနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၂၅၀ ကျော်နှင့် တရုတ်နိုင်ငံမှ ဘိလပ်မြေတန်ချိန် ၁၅၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင် ထိုင်းနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၁၆၀၀၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပွင့်လင်းရာသီ နီးကပ်လာတော့မည်ဖြစ်၍ ဘိလပ်မြေများကို လစဉ်တင်သွင်းမှုရှိနေပြီး ဘိလပ်မြေတင်သွင်းမှု ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ငါးလအတွင်း ပြည်ပသို့လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁၃၄၉ သန်းကျော်ရရှိမှုတွင် ပဲအမျိုးမျိုးနှင့် ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေအများဆုံးရရှိခဲ့ခြင်းဖြစ်

ငါးလအတွင်း ပြည်ပသို့လယ်ယာထွက် ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁၃၄၉ သန်းကျော်ရရှိမှုတွင် ပဲအမျိုးမျိုးနှင့် ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေအများဆုံးရရှိခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁၃၄၉ ဒသမ ၆၃ သန်းတွင် ဆန်နှင့်ဆန်ကွဲမှာတန်ချိန် ၁၈၉၀၉၅ ဒသမ ၂၉ ဖြင့် တန်ဖိုးဒေါ်လာ ၁၇၀ ဒသမ ၄၆ သန်း၊ ပဲအမျိုးမျိုးမှာ တန်ချိန် ၇၂၀၉၁၉ ဒသမ ဝ၅ တင်ပို့မှုမှ ဒေါ်လာ ၅၈၆ ဒသမ ၃၈ သန်း၊ ပြောင်းမှာ တန်ချိန် ၈၁၈၈၆၅ ဒသမ ၂၉ တင်ပို့မှုမှ ဒေါ်လာ ၂၄၉ ဒသမ ၃၉ သန်း၊ ရော်ဘာစိမ်းမှာ တန်ချိန် ၇၆၅၉၄ ဒသမ ၈၆ တင်ပို့မှုမှ ဒေါ်လာ ၉၄ ဒသမ ၄၈ သန်းနှင့် ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ ၁၉၆၀၃ ဒသမ ၉၂ တန်တင်ပို့မှုမှ ဒေါ်လာ ၃၀ ဒသမ ၆၃ သန်းပါဝင်ပြီး အခြားသီးနှံများမှ ဒေါ်လာ ၂၁၈ ဒသမ ၂၉ သန်းပါဝင်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခြောက်လခွဲနီးပါးအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၉၅၂ သန်းကျော် ဖြစ်ပေါ်ခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ပို့ကုန်ဒေါ်လာ ၈၀၅၆ ဒသမ ၀၉၇ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၉၀၀၈ ဒသမ ၅၆၄ သန်းရှိခဲ့ကာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၇၀၆၄ ဒသမ ၆၆၁ သန်းအထိရရှိခဲ့သည်။ ယင်းအနက်သွင်းကုန်တင်သွင်းမှုမှာ ပို့ကုန်တင်ပို့မှုထက် ဒေါ်လာ ၉၅၂ သန်းကျော်ဖြစ်ပေါ်ခဲ့ပြီး ကုန်သွယ်မှုလိုငွေဒေါ်လာ ၉၅၂ ဒသမ ၄၆၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏဒေါ်လာ ၃၃ ဒသမ ၉၂၅ ဘီလျံရှိပြီး ယခင်နှစ်ကာလတူက ဒေါ်လာ ၃၀ ဒသမ ၃၅၁ ဘီလျံရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာယခင်နှစ်ကာလတူထက် ပြည်ပကုန်သွယ်မှုဒေါ်လာ ၃ ဒသမ ၅၇၃ ဘီလျံအထိ ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ပြည်ပနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်ဒေါ်လာ ၁၆ ဒသမ ၅၇၅ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် ၁ ဒသမ ၀၈၄ ဘီလျံ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ပြည်ပနိုင်ငံများမှ တင်သွင်း သည့်သွင်းကုန်ပမာဏဒေါ်လာ ၁၇ ဒသမ ၃၄၉ ဘီလျံရှိပြီး ယခင်နှစ်ကာတူထက် ဒေါ်လာ ၂ ဒသမ ၄၈၉ ဘီလျံ ပိုမိုတင်သွင်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော၊ အခြားကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်း စသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊

သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့ပါဝင်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ပို့ကုန်ဒေါ်လာ ၁၄၉၂၇ ဒသမ ဝ၆၅ သန်း(၁၄ ဒသမ ၉၂၇ ဘီလျံ)၊ သွင်းကုန်ဒေါ်လာ ၁၄၆၅၈ ဒသမ ဝ၈၄ သန်း(၁၄ ဒသမ ၆၅၈ ဘီလျံ)ဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၉၅၈၅ ဒသမ ၁၄၉ သန်း (၂၉ ဒသမ ၅၈၅ ဘီလျံ) ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလအထိ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၇၆၈၁ ဒသမ ဝ၈၇ သန်း၊ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၉ဝ၅ဝ ဒသမ ၈၅၅ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၆၇၃၁ ဒသမ ၉၄၂ သန်းရရှိခဲ့သည်။

Source: https://news-eleven.com/article/264504

## အိန္ဒိယသည် သကြားတင်ပို့မှုအပေါ် ကန့်သတ်ချက်များအား သက်တမ်းတိုးမြှင့်ခဲ့ပြီး၊ ဆန်ဖြူတင်ပို့မှုအတွက် ဖြေလျှော့မှုများဆောင်ရွက်

ပြည်တွင်း၌ မိုးရွာသွန်းမှုမမျှတမှုတို့ကြောင့် သကြားထွက်ရှိမှုကျဆင်းမည်ကိုစိုးရိမ်သဖြင့် အိန္ဒိယအစိုးရက သကြား အဖြူရောင်၊ သန့်စင်ပြီး၊ အော်ဂဲနစ် စသည့်အမျိုးအစားအားလုံး၏ တင်ပို့မှုအားလုံးအပေါ် ကန့်သတ်ချက်များကို အောက်တိုဘာလ ၃၁ ရက်နေ့နောက်ပိုင်း ဆက်လက်သက်တမ်းတိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သကြားသည် အောက်တိုဘာ ၃၁ ရက်အထိ ကန့်သတ်စာရင်းတွင် ပါရှိကြောင်း၊ သို့ရာတွင် စားသောက်ကုန်ဝန်ကြီးဌာနသည် သကြားရရှိနိုင်မှုပေါ်မူတည်၍ အချို့သောပမာဏကိုတင်ပို့ခွင့်ပြုလျက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

သို့သော် CXL နှင့် TRQ ဆိုင်ရာ သွင်းကုန်အခွန်စည်းကြပ်မှုကိုတာ လိုက်လျောမှုအရ ဥရောပသမဂ္ဂနှင့် US သို့ သကြားတင်ပို့နေမှုများသည် ယခုကန့်သတ်ချက်နှင့် အကျုံးဝင်မည်မဟုတ်ကြောင်းနှင့် သတ်မှတ်ထားသော သကြားပမာဏကို သက်သာသောအခွန်နှုန်းထားနှင့် ယင်းနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဘာစမာတီမဟုတ်သည့် ဆန်ဖြူနှင့်စပ်လျဉ်း၍ အိန္ဒိယသည် နီပေါ၊ ကင်မရွန်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဆေးရှဲလ်၊ အိုင်ဗရီကို့စ်နှင့်ဂီနီသမ္မတနိုင်ငံ စသည့်နိုင်ငံခုနစ်နိုင်ငံသို့ တန်ချိန် ၁,ဝ၃၄,၈ဝဝ တင်ပို့ရန် ဗုဒ္ဓဟူးနေ့တွင်ခွင့်ပြုခဲ့ကြောင်း၊ ဆန်တင်ပို့မှုကို National Cooperative Exports Limited (NCEL)မှတစ်ဆင့် ခွင့်ပြုထားခြင်းဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုဦးစီးဌာန(DGFT)၏ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသဖြင့် အိန္ဒိယနိုင်ငံ၏သကြားနှင့် ဆန်ဖြူတင်ပို့မှုအပေါ် မူဝါဒများပြင်ဆင်ချမှတ်ဆောင်ရွက်နေမှုအခြေအနေအား သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: Curbs extended on exports of sugar, eased for rice, The Economic Times, October 19, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)-23102023-14:08

## စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၄-၁၀-၂၀၂၃) မှ (၂၀-၁၀-၂၀၂၃)အထိ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၄-၁၀-၂၀၂၃) မှ (၂၀-၁၀-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ကွမ်းသီး၊ အုန်းသီးခြောက်၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွနှင့် ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇ဝ၄၁၁ ဒသမ ၁၉ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ဇီးဖတ်တန်ချိန် ၅၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးဖတ်တန်ချိန် ၈၇ တန် တင်ပို့ခဲ့ပြီး ယခင်အပတ် ထက် ယခုအပတ်တွင် ဇီးဖတ်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ်

ဇီးဖတ် တင်ပို့နိုင်မှုငွေပမာဏမှာ ၆၆၇၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရေထွက်ပစ္စည်းအနေဖြင့် ငါးမြစ်ချင်းတန်ချိန် ၃၆၄ ဒသမ ၈၄၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း တန်ချိန် ၁၈၆ ဒသမ ၉၁၂ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းတန်ချိန် ပိုမို၍တင်ပို့ နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှုငွေပမာဏမှာ ၄၆၅၄၈၆ ဒသမ ၀၈ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: **ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွက် ဂျုံ၊ ပြောင်းနှင့် ဆန်သွင်းကုန်ခွဲတမ်းများ ထုတ်ပြန်ခဲ့

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဂျုံ၊ ပြောင်းနှင့် ဆန်တင်သွင်းမှုများအတွက် Tariff Rate Quotas (TRQ) ကို ယခင်နှစ်က ပမာဏအတိုင်း မပြောင်းလဲဘဲ ဆက်လက်သတ်မှတ်ခဲ့ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင် ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission-NDRC) ၏ တရားဝင်ဝက်ဘ်ဆိုဒ်မှ အသိပေး ထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂၀၂၄ ခုနှစ်အတွက် ပြောင်းတင်သွင်းခွင့် Quota သည် ယခင်နှစ်ကအတိုင်း မက်ထရစ်တန်(၇.၂)သန်းဖြစ်ပြီး အဆိုပါပမာဏအနက်မှ (၆၀)% ကို နိုင်ငံပိုင်လုပ်ငန်းများအား တင်သွင်းခွင့် ပြုကြောင်း၊ ဂျုံတင်သွင်းခွင့် Quota သည်လည်း ယခင်နှစ်ကအတိုင်း မပြောင်းလဲဘဲ မက်ထရစ်တန်(၉.၆၃၆)သန်းဖြစ်ပြီး နိုင်ငံပိုင်လုပ်ငန်းများသည် ထိုပမာဏ၏ (၉၀)% ကို တင်သွင်းခွင့်ရရှိကြောင်း သိရှိရပါသည်။

ထို့အတူ ၂၀၂၄ ခုနှစ်အတွက် ဆန်တင်သွင်းခွင့် Quota မှာ မက်ထရစ်တန်ချိန်(၅.၃၂)သန်း သတ်မှတ်ထားပြီး Long grain rice တန်ချိန် (၂.၆၆)သန်းနှင့် medium and short grain rice တန်ချိန်(၂.၆၆)သန်းဖြစ်ကြောင်း၊ အဆိုပါ ပမာဏ၏ (၅၀)ရာခိုင်နှုန်းကို နိုင်ငံပိုင်လုပ်ငန်းများ အား တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

အကောက်ခွန်နှုန်းသက်သာစွာဖြင့် တင်သွင်းခွင့်ပြုသည့်ခွဲတမ်း (Tariff Rate Quotas-TRQ) သည် တရုတ်အစိုးရက ဂျုံ၊ ပြောင်းနှင့်ဆန်များကို ပုံမှန်အကောက်ခွန်နှုန်းထက် သက်သာစွာဖြင့် နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုသောပမာဏသတ်မှတ် ပေးသည့် စနစ်တစ်ခုဖြစ်ပါသည်။

TRQ ၏ ရည်ရွယ်ချက်မှာ တရုတ်ပြည်တွင်း၌ အဆိုပါ လယ်ယာထွက်ကုန် (၃) မျိုးကို အမြောက်အမြား တင်သွင်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သောသက်ရောက်မှုကို တားဆီးရန်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် အဆိုပါလယ်ယာထွက်ကုန်များအား သတ်မှတ် Quota အတွင်း၌ တင်သွင်းပါက အနိမ့်ဆုံးအကောက်ခွန် နှုန်းထားမှာ (၁) % ဖြစ်ပြီး TRQ ပမာဏထက်ကျော်လွန် တင်သွင်းပါက အကောက်ခွန် (၆၅)% ကောက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: https://www.agricensus.com/Article/China-leaves-2024-import-tariff-quota-for-corn-wheat-unchanged-31291.html#:~:text=The%20tariff%20quota%20%28TRQ%29%20for%202024%20corn%20was,expected%20to%20account%20for%2090%25%20of%20that%20volume**

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## ဗီယက်နမ်နိုင်ငံ ကျောက်ပုစွန် ခေါက်ချိုးဈေးကျ



တရုတ်နိုင်ငံသည် ဗီယက်နမ်ပုဇွန်များကို အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်သည်။ ယခုအခါ ကြီးမားသောဈေးကွက် တရုတ်နိုင်ငံသို့ တင်ပို့မှုလျော့နည်းလာခြင်းကြောင့် ဗီယက်နမ်နိုင်ငံ ကျောက်ပုစွန်များ ခေါက်ချိုးဈေးကျသည်။ တစ်ကီလိုဂရမ် ဒေါင် ၁.၃ သန်း (US$42) ဖြင့် ရောင်းချနေကြသည်။ လွန်ခဲ့သည့်နှစ်လက ရောင်းဈေး၏ ထက်ဝက်သာရှိသည့် ဈေးနှုန်း ဖြစ်သည်။

Khanh Hoa ပြည်နယ် အလယ်ပိုင်းရှိ ပုစွန်ဖမ်းသူများ၏ ပြောကြားချက်အရ ဈေးနှုန်းများသည် နှစ်နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိနေသဖြင့် ပုစွန်ရောင်းချသူများသည် ၎င်းတို့၏ ပုစွန်များကို အရောင်းရပ်ထားရန် ဆုံးဖြတ်လိုက်ကြ ရသည်။ "လာမယ့်နှစ် အစောပိုင်းမှာ တရုတ်နှစ်သစ်ကူးချိန်ကျရင် ဈေးနှုန်းတွေ တက်လာမယ်လို့ မျှော်လင့်နေပါတယ်"ဟု ပုစွန်ဈေးသည်တဦးက ပြောကြားသည်။ ဟိုချီမင်းစီးတီးရှိ ပင်လယ်စာဆိုင်များသည် ornate rock lobster ကျောက်ပုစွန် များကို တစ်ကီလိုဂရမ်လျှင် ဒေါင် ၁.၄-၁.၇ သန်းဖြင့် ဈေးချပြီး ရောင်းချနေသည်။ ကျောက်ပုစွန်ကုန်သည် Tuan က ပြည်တွင်းနှင့် ပြည်ပ ပင်လယ်စာဝယ်လိုအား ကျဆင်းသွားသည်ဟု ဆိုသည်။

"တရုတ်နိုင်ငံမှာ လက်ရှိအဝယ်လိုက်တာ ဈေးသက်သာတဲ့ painted spiny lobster ကျောက်ပုစွန်မျိုးတွေပါ"ဟု ၎င်းက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံသည် နှစ်လယ်ပိုင်းမှစပြီး တရုတ်ဈေးကွက်သို့ painted spiny lobster ကျောက်ပုစွန်များကို အဓိကထားတင်ပို့နေသည်။ ornate rock lobsters ကျောက်ပုစွန်များ တင်ပို့မှုနည်းပါးပါသည်။ ဩစတေးလျနိုင်ငံမှ တင်သွင်းသော ornate rock lobsters ကျောက်ပုစွန်များသည် ဗီယက်နမ်နိုင်ငံထက် ဈေးသက်သာသဖြင့် ဗီယက်နမ်နိုင်ငံမှ ornate rock lobsters ကျောက်ပုစွန်များ ဈေးကွက်ထဲ မယှဉ်ပြိုင်နိုင်ပါ။

ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း၏ အဆိုအရ ဗီယက်နမ်နိုင်ငံသည် ပထမရှစ်လအတွင်း တရုတ် နိုင်ငံသို့ စုစုပေါင်း ဒေါ်လာ ၇၆ သန်းတန်ဖိုးရှိ ကျောက်ပုစွန်များကို တင်ပို့ခဲ့သည်။ ယမန်နှစ်ထက် ၄၂% လျော့ကျ သည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ကျောက်ပုစွန်များ တင်သွင်းမှုလျော့ကျသော်လည်း ကနေဒါ၊ ဩစတြေးလျ၊ အမေရိကန်၊ နယူးဇီလန်၊ ကျူးဘား၊ အိန္ဒိယ၊ ဘရာဇီးနှင့်မက္ကဆီကိုတို့မှ ကျောက်ပုစွန်များကို ပိုမိုတင်သွင်းလျက် ရှိသည်။ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ဗီယက်နမ်နိုင်ငံ ပုစွန်ထုတ်လုပ်မှုနှင့်တင်ပို့မှုကို ဖွံ့ဖြိုးတိုးတက်စေရန်ရည်မှန်းထားပြီး ၂၀၂၅ ခုနှစ်တွင် တစ်နှစ်လျှင် စုစုပေါင်းတန်ချိန် ၃၀၀၀ ထွက်ရှိကာ နှစ်စဉ်ပို့ကုန်တန်ဖိုး ဒေါ်လာ သန်း ၂၀၀ ရရှိရန် မျှော်မှန်းထားသည်။

Source: vnexpress

https://www.foodindustrydirectory.com.mm/

# STOCK EXCHANGE (24.10.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,981 (Shares) | 30,998,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 8,700 | 521 | 4,539,000 | 33,109,694 | 297,987 |
| MTSH | 00002 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 3,604 | 10,746,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 2,210 | 3,696,500 | 29,664,613 | 50,430 |
| TMH | 00005 | 2,650 | -50 | -1.85% | 2,700 | 2,700 | 2,650 | 88 | 235,400 | 12,823,224 | 33,982 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,050 | 837 | 1,737,700 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 5,711 | 9,994,250 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Oct. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.78 | -1.38 | -0.36% | 379.37 | 379.37 | 373.76 | 12,981 | 30,998,200 | 8 | 714,457 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Oct. 2023

| Trading Volume | Trading Value |
|---|---|
| 83,809 (Shares) | 165,166,100 (MMK) |

### Main Board

As of 1:00 pm, 23rd Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 83,809 (Shares) | 165,166,100 (MMK) |

| MYANPIX | 380.16 ▲ 6.24 |
|---|---|
| Total Volume (shares) | 11,643 |
| Total Value (MMK) | 30 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,045 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 300 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 50 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |